International
Labour
Organization



# မြန်မာနိုင်ငံ ကလေးလုပ်သားတိုက်ဖျက်ရေး အလုပ်သမားအဖွဲ့အစည်းများအတွက် သင်ရိုးညွှန်းတမ်း

## အထောက်အကူပြုစာတမ်းများနှင့် အရင်းအမြစ်များ

# မြန်မာနိုင်ငံ ကလေးလုပ်သားတိုက်ဖျက်ရေး
# အလုပ်သမားအဖွဲ့အစည်းများအတွက် သင်ရိုးညွှန်းတမ်း

## အထောက်အကူပြုစာတမ်းများနှင့် အရင်းအမြစ်များ

Fundamental Principles and Rights at Work Branch (FUNDAMENTALS)
International Labour Organization

မူပိုင်ခွင့် © အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၈

ပထမအကြိမ်ထုတ်ဝေသည်။ ၂၀၁၈

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုတ်ဝေခြင်းများသည် Universal Copyright Convention Protocol 2 နှင့်အညီ မူပိုင်ခွင့်ရရှိထားပြီးဖြစ်ပါသည်။ သို့ရာတွင် ထုတ်ဝေမှုများထဲမှ အချို့သောအချက်များကို ၎င်းတို့အားထုတ်နုတ်ယူရာ မူလရင်းဖြစ်အား ရည်ညွှန်းဖော်ပြီး ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ကူးယူဖော်ပြနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုတ်ဝေခြင်းများနှင့် စပ်လျဉ်းပြီး ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ခြင်းဆိုင်ရာမူပိုင်ခွင့်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အမှတ် CH-1211 ဂျီနီဗာ ၂၂၊ ဆွစ်ဇာလန် (သို့) အီးမေးလ် - rights@ilo.org သို့လျှောက်ထားရ ယူသင့်ပါသည်။ ထိုကဲ့သို့ လျှောက်ထားမှုများကိုလည်း အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့မှ ကြိုဆိုအပ်ပါသည်။

စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် ပြန်လည်ထုတ်ယူခွင့်ရှိသည့် အဖွဲ့အစည်းများထံတွင် မှတ်ပုံတင်ထားသူများအနေဖြင့် ပြန်လည်ထုတ်ယူခွင့်ဆိုင်ရာ လိုင်စင်ခွင့်ပြုချက်နှင့် အညီ စာစောင်များထုတ်လုပ်ဖြန့်ဝေနိုင်ပါသည်။ www.ifrro.org သို့ဝင်ရောက်ပြီး သင့်နိုင်ငံနှင့် ဆိုင်သည့် ထုတ်ဝေခွင့်ကို ကြည့်ပါ။

FUNDAMENTALS

မြန်မာနိုင်ငံ ကလေးလုပ်သားတိုက်ဖျက်ရေး၊ လွှတ်တော်အဖွဲ့ဝင်များအတွက် ကလေးအလုပ်သမားဆိုင်ရာ သင်တန်းသင်ရိုး/ International Labour Office, Fundamental Principles and Rights at Work Branch (FUNDAMENTALS) - Yangon: ILO, 2018.

ISBN: 978-92-2-830846-4 (Print); 978-92-2-830847-1 (Web pdf)

International Labour Office; Fundamental Principles and Rights at Work Branch

အင်္ဂလိပ်ဘာသာဖြင့်လည်းဖတ်ရှုနိုင်သည်။ (Combating child labour in Myanmar: Training Package on Child Labour for Workers Organization) ISBN: 978-92-2-130225-4 (Print); 978-92-2-130226-1 (Web pdf), Yangon, 2018

အိုင်အယ်လ်အို ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ အချက်အလက်ကက်တလောက်

| ဂုဏ်ပြုမှတ်တမ်း |
| --- |
| ဤပုံနှိပ်ထုတ်ဝေခြင်းအား FUNDAMENTALS အတွက် Philip Hunter မှ အသေးစိတ်စီစဉ်ပြင်ဆင်ပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (My-PEC)၊ ILO ရန်ကုန်ရုံး Selim Benaissa မှညှိနှိုင်းဆောင်ရွက်သည်။ Bharati Pflug, စောဆာကပေါ်၊ နှင်းဝတ်ရည် နှင့် ဦးအောင်ထွန်း တို့မှသုံးသတ်ချက်များ၊ ထောက်ခံချက်များနှင့် ပါဝင်အကြံပြု ဆွေးနွေးပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။<br>ဤ ILO ပုံနှိပ်ထုတ်ဝေခြင်းအတွက် အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာနမှ ရန်ပုံငွေ ထောက်ပံ့ပေးသည်။ (Project MMR/13/10/USA).<br>ဤပုံနှိပ်ထုတ်ဝေခြင်းသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာန၏ အမြင်(သို့) မူဝါဒများနှင့် သက်ဆိုင်မှုမရှိပါ။ (သို့) လုပ်ငန်းအမည်၊ စီးပွားရေးထုတ်ကုန်များ (သို့) အမေရိကန်ပြည်ထောင်စုအစိုးရမှ အတည်ပြုထောက်ခံထားသောအဖွဲ့အစည်းများ အဖြစ်ဖော်ပြထားခြင်းမရှိပါ။ စီမံချက်တစ်ခုလုံးကို စီမံချက် သက်တမ်းတိုးအပါအဝင်အမေရိကန်ဒေါ်လာ ၆သန်းအား ဖက်ဒရယ်အစိုးရ ရံပုံငွေဖြင့် ငွေကြေးထောက်ပံ့ထားသည်။ |

ကုလသမဂ္ဂကျင့်ဝတ်နှင့် ကိုက်ညီသည့် ILO ပုံနှိပ်ထုတ်ဝေမှုများတွင် ပါဝင်သည့် ရာထူးအဆင့်များ၊ ဖော်ပြထားသည့် အကြောင်းအရာများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် စပ်လျဉ်းသည့် နိုင်ငံတစ်နိုင်ငံ၊ ၎င်း၏အချုပ်အခြာအာဏာပိုင် သို့မဟုတ် ၎င်း၏နယ်ခြားသတ်မှတ်ချက်များနှင့် ပတ်သက်သည့် မည်သည့်အယူအဆ၊ အကြောင်းအရာများအပေါ် သွယ်ဝိုက်ဖော်ပြထားချက်များ ပါဝင်ခြင်းမရှိပါ။ သက်ဆိုင်ရာ ဆောင်းပါး၊ စာတမ်း၊ အခြားထုတ်ဝေသည့်စာရွက်စာတမ်းပါ အယူအဆ၊ အကြောင်းအရာများနှင့် စပ်လျဉ်းသည့် တာဝန်ရှိမှုများသည် သက်ဆိုင်ရာစာရေးသူတို့၏တာဝန်သာဖြစ်ပြီး ယခုစာအုပ်ငယ်ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့် အတည်ပြုချက်တစ်စုံတစ်ရာ ပေးအပ်ခြင်းမပြုပါ။ ရည်ညွှန်းထားသည့် သက်ဆိုင်ရာကုမ္ပဏီအမည်များ၊ စီးပွားရေးထုတ်ကုန်များ၊ ပြုလုပ်မှုလုပ်ငန်းစဉ်များအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့် အတည်ပြုချက်တစ်စုံတစ်ရာ ပေးအပ်ခြင်းမပြုပါ။ သီးသန့်ကုမ္ပဏီတစ်ခု၊ စီးပွားရေးထုတ်ကုန် သို့မဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်များအပေါ် ဖော်ပြထားခြင်းမပြုသည်မှာ သဘောတူညီမှုမရှိသည်ကို ပြသထားခြင်းပင် ဖြစ်ပါသည်။

ILOမှ ထုတ်ဝေသည့် စာစောင်၊ စာအုပ်များအား စာအုပ်ဆိုင်ကြီးများ သို့မဟုတ် သက်ဆိုင်ရာ နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးများမှဖြစ်စေ သို့မဟုတ် ilo@turpin-distribution.com မှတိုက်ရိုက်ဖြစ်စေမှာယူနိုင်သည်။ ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ် ဖြစ်တဲ့ www.ilo.org/publns or ilopubs@ilo.org သို့ဝင်ရောက်၍ဖြစ်စေ ရယူနိုင်ပါသည်။

www.ilo.org/childlabour သို့ဝင်ရောက်ကြည့်ရှုပါ။

မြန်မာနိုင်ငံတွင် ထုတ်ဝေသည်။

ILO ရန်ကုန်မှ ဓာတ်ပုံပေါင်းစပ်သည်။

# မာတိကာ


အဓိကအချက်များ ........................................................................................................ ဃ

အပိုင်း ၁ : ကလေးလုပ်သားကို သတ်မှတ်ခြင်းနှင့် သိရှိနားလည်ခြင်း ............................................. ၁
ကမ္ဘာတဝှမ်းတွင် မည်သည့်အလုပ်အမျိုးအစားများကို ကလေးငယ်များ လုပ်နေကြပါသလဲ ?......... ၂
ဘေးအန္တရာယ်ရှိနေသော ကလေးလုပ်သားဟူသည် အဘယ်နည်း? ....................................... ၃
ILO ၏စံနှုန်းများနှင့် အခြားသော နိုင်ငံတကာ ပြဋ္ဌာန်းချက်များ ............................................ ၄
လေ့ကျင့်ခန်း ၂ : မြန်မာနိုင်ငံ၏ တရားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကလေးသူငယ် အကာအကွယ်ပေးရေး၏ အားသာချက်၊ အားနည်းချက်များကို ခွဲခြားသတ်မှတ်ခြင်း ................... ၅


အပိုင်း ၂ : ကမ္ဘာ့အဆင့်၊ အမျိုးသားအဆင့် ကလေးလုပ်သား ခန့်မှန်း တွေ့ရှိမှုများကို သိရှိနားလည်ခြင်း... ၇
ဒေသတွင်း ကလေးလုပ်သား ပျံ့နှံ့တည်ရှိမှု .................................................................... ၈
မြန်မာနိုင်ငံ လုပ်သားအင်အားစစ်တမ်း၏ အကျိုးရလဒ်များ ................................................. ၉
လေ့ကျင့်ခန်း ၃ : မြန်မာနိုင်ငံရှိကလေးလုပ်သားများ၏ ထိခိုက်နိုင်ချေရှိသည်များကို မြေပုံဆွဲခြင်း .... ၁၀


အပိုင်း ၃ : ကလေးလုပ်သားများ ဖြစ်စေရသော အကြောင်းရင်းများနှင့် နောက်ဆက်တွဲရလဒ်များ .......... ၁၃
ကလေးလုပ်သားများ ဖြစ်စေရသောအကြောင်းများ၊ ထိခိုက်လွယ်မှုနှင့် နောက်ဆက်တွဲရလဒ်များကို နားလည် သဘောပေါက်စေခြင်း.................................................................................. ၁၄
လေ့ကျင့်ခန်း ၄ : ကလေးလုပ်သားများ ဖြစ်စေရသော အကြောင်းရင်းများနှင့် နောက်ဆက်တွဲ ရလဒ်များကို နက်နဲစွာ နားလည်သဘောပေါက်စေခြင်း..................................................... ၁၈
လေ့ကျင့်ခန်း (၄ က) : ထိခိုက်လွယ်သောအလုပ်သမားများကို အကာအကွယ်ပေးနိုင်ရန်အတွက် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာမူဝါဒများကို ထုတ်ဖော်ခြင်း....................... ၁၉

အပိုင်း ၄ : ကလေးလုပ်သားပပျောက်စေရန်အတွက် လုပ်ကိုင်ဆောင်ရွက်ခြင်း ................................. ၂၁
မူဝါဒရေးရာ အပြန်အလှန်ပြောဆိုဆွေးနွေးမှုတွင် အလုပ်သမားများ၏ လုပ်ဆောင်ချက် ............... ၂၂
လေ့ကျင့်ခန်း ၅ : ကလေးလုပ်သားပပျောက်ရေးအတွက် အလုပ်သမားများ၏ လုပ်ဆောင်ချက်များကို ပိုမိုအားကောင်းစေခြင်း............................................................................................... ၂၃
လေ့ကျင့်ခန်း ၆ : လုပ်ဆောင်ချက်များကို နောက်ဆက်တွဲလိုက်လံဖြည့်စွက်ဆောင်ရွက်ခြင်း.......... ၂၅
နောက်ဆက်တွဲ လေ့ကျင့်ခန်း ............................................................................... ၂၆
သင်ရိုး အကဲဖြတ်ခြင်းဆိုင်ရာပုံစံ .......................................................................... ၂၇

# အဓိကအချက်များ

အရင်းအမြစ် 

အဓိကအသိပေးလိုသည့်အချက် 

လေ့ကျင့်ခန်း 

အထောက်အကူပြုစာများ 

အမေး၊ အဖြေ 

# အပိုင်း ၁ :
# ကလေးလုပ်သားကို သတ်မှတ်ခြင်းနှင့် သိရှိနားလည်ခြင်း

## ကမ္ဘာတဝှမ်းတွင် မည်သည့်အလုပ်အမျိုးအစားများကို ကလေးငယ်များ လုပ်နေကြပါသလဲ ?

ကမ္ဘာပေါ်ရှိကလေးငယ်သန်းပေါင်းများစွာသည်ဘေးအန္တရာယ်ရှိသော၊ညှင်းပန်းနှိပ်စက်ခံရပြီးခေါင်းပုံဖြတ်ခံရသော အလုပ်များကို လုပ်ကိုင်လျက်ရှိကြသည်။

- စက်မှုလုပ်ငန်းများတွင် ဖန်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ ကော်ဖောရက်ခြင်း စသည့် အန္တရာယ်ရှိသော အလုပ်များ
- စိုက်ပျိုးရေးလုပ်ငန်းများတွင် အသေးစား၊ မိသားစု သို့မဟုတ် ကြီးမားသည့် စက်မှုလယ်ယာ သို့မဟုတ် စိုက်ခင်းများတွင် လေးလံပြင်းထန်သောအလုပ်များကို လုပ်ကိုင်ကြရပြီး ခေတ်မီစက်ယန္တယားများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများ၏ ဘေးအန္တရာယ်ကို ထိတွေ့ခံစားရခြင်း
- ရေသတ္တဝါများမွေးမြူရေးနှင့် ရေလုပ်ငန်းတွင် ရေနစ်ခြင်းကဲ့သို့သော အကြီးစားအန္တရာယ်များ၊ မသေနိုင်သော ထိခိုက်ဒဏ်ရာရမှုများကို တွေ့ကြုံရခြင်း
- ကျောင်းတက်ရန်အတွက် အတားအဆီးဖြစ်စေသော မိမိနေအိမ်တွင် ငယ်ရွယ်သည့် ညီအစ်ကို မောင်နမများကို ကြည့်ရှုစောင့်ရှောက်ရခြင်းများ၊ မိသားစု၏ လယ်ယာ သို့မဟုတ် မိသားစုစီးပွားရေးလုပ်ငန်းများကို ကူညီရခြင်းများ
- ကျွန်ပြုခိုင်းစေခြင်း သို့မဟုတ် နှောင်ကြိုးဖြင့် ခိုင်းစေခြင်းများ
- ဥပဒေနှင့် ဆန့်ကျင်သောလုပ်ငန်းများ သို့မဟုတ် ကလေးသူငယ် ပြည့်တန်ဆာလုပ်ငန်းများ
- ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့်ဟိုတယ်၊စားသောက်ဆိုင်များတွင်သမားရိုးကျမဟုတ်သောလုပ်ငန်းများ၊ လမ်းများပေါ်တွင် ဈေးရောင်းခြင်း၊ ကားပြင်ဆင်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ
- အိမ်အကူလုပ်ငန်းများတွင် ခက်ခဲပင်ပန်းသည့် အလုပ်များကို လုပ်ကိုင်ရခြင်း၊ ရုံဖန်ရံခါတွင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခံရခြင်း၊ အလွန်ရှည်လျားသည့် အလုပ်ချိန်များလုပ်ကိုင်ရခြင်း



## ဘေးအန္တရာယ်ရှိနေသော ကလေးလုပ်သားဟူသည် အဘယ်နည်း?

ဘေးအန္တရာယ်ရှိနေသော ကလေးလုပ်သားဆိုသည်မှာ ကလေးသူငယ်များကို သေစေနိုင်သော၊ ထိခိုက်ဒဏ်ရာရစေနိုင်သော၊ နာမကျန်းဖြစ်စေနိုင်သော အန္တရာယ်ကြီးမားသည့်၊ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော အခြေအနေများတွင် ကလေးသူငယ်များ အလုပ်လုပ်နေရခြင်းပင်ဖြစ်သည်။ ထိုသို့သော အလုပ်အမျိုးအစားများတွင် အလုပ်လုပ်နေကြရသည့် ယောက်ျားလေး၊ မိန်းကလေးများသည် ၎င်းတို့အရွယ်ရောက်လာချိန်တွင် သင့်လျော်ကောင်းမွန်သော အလုပ်အခွင့်အလမ်းများ ရရှိနိုင်မှုကို အဟန့်အတားဖြစ်စေမည့် ထာဝရမသန်စွမ်းမှု၊ ဘဝအတွက် အတားအဆီး သို့မဟုတ် နာမကျန်းမှုများဖြစ်ပေါ်စေနိုင်သည့် စိတ်ပိုင်းဆိုင်ရာ-လူမှုဘဝပြဿနာများအပါအဝင် အလုပ်နှင့် သက်ဆိုင်သောနေမကောင်းမကျန်းမာမှုများကို တွေ့ကြုံခံစားကြရသည်။ ဘေးအန္တရာယ်ရှိနေသော ကလေးလုပ်သားများသည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သား ခိုင်းစေခြင်း အမျိုးအစားတွင် ကြီးမားစွာ ပါဝင်လျက်ရှိပြီး မတူကွဲပြားသော လုပ်ငန်းကဏ္ဍများဖြစ်သည့်စိုက်ပျိုးရေး၊ သတ္တုတွင်း၊ ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အိမ်အကူလုပ်သားများစသဖြင့် နေရာမျိုးစုံတွင် တွေ့ရသည်။ ထို့ကြောင့် ဘေးအန္တရာယ်ရှိနေသော ကလေးလုပ်သားများအတွက် မူဝါဒများ၊ စီမံချက်များကို ဦးစားပေးအနေဖြင့်ထားရှိပြီး လိပ်မူဖြေရှင်းသင့်ပါသည်။

ILO ၏ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်းဆိုင်ရာ တိုက်တွန်းအဆိုပြုချက် (၁၉၀) သည် ကလေးသူငယ်များအတွက် ဘေးအန္တရာယ်ရှိသောအလုပ်အမျိုးအစားများဟု ဆုံးဖြတ်သတ်မှတ်ရန်အတွက်လမ်းညွှန်ချက်များ ပေးထားပါသည်။

၁. ကလေးသူငယ်များအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုဖြစ်စေသော အလုပ်များ

၂. မြေအောက်၊ ရေအောက်၊ အန္တရာယ်ရှိသောအမြင့်များ သို့မဟုတ် ကျဉ်းကျုပ်ပိတ်လှောင်သော နေရာများတွင် လုပ်ရသောအလုပ်များ

၃. အန္တရာယ်ရှိသော စက်ယန္တရား၊ ပစ္စည်းကိရိယာနှင့် တန်ဆာပလာများ သို့မဟုတ် လေးလံသော ဝန်ထုပ်ဝန်ပိုးများကို ကိုင်တွယ်ရခြင်းနှင့် သယ်ယူပို့ဆောင်ရခြင်းပြုလုပ်ရသည့် အလုပ်များ

၄. ကျန်းမာရေးနှင့် မညီညွတ်သော ပတ်ဝန်းကျင်များဖြစ်သည့် ဥပမာအားဖြင့် ကလေးသူငယ်ငယ်များကို ဘေးအန္တရာယ်ရှိသော အရာဝတ္ထုများ၊ ဈေးချွတ်/ဓာတ်ပြောင်းပစ္စည်း(agents)များ သို့မဟုတ် နည်းစနစ်များ၊ ၎င်းတို့၏ ကျန်းမာရေးကို ထိခိုက်စေမည့် အပူရှိန်၊ ဆူညံသံအဆင့် သို့မဟုတ် တုန်ခါမှုများ ရှိသည့် အလုပ်များ

၅. အထူးတလည် ခက်ခဲပင်ပန်းသည့် အခြေအနေများဖြစ်သည့် နာရီပေါင်းရှည်ကြာစွာလုပ်ကိုင်ရခြင်း သို့မဟုတ် ညအချိန် အလုပ်လုပ်ရခြင်း သို့မဟုတ် အလုပ်ရှင်၏ လုပ်ငန်းပရဝုဏ်ထဲတွင် ကလေးသူငယ်များကို ပိတ်လှောင်ခိုင်းစေခြင်းများ





## ILO ၏စံနှုန်းများနှင့် အခြားသော နိုင်ငံတကာ ပြဋ္ဌာန်းချက်များ

အောက်ဖော်ပြပါစာရင်းသည် ကလေးလုပ်သားနှင့် ၎င်းတို့အလုပ်လုပ်နေရသည့် အဆိုးရွားဆုံးပုံစံများဆိုင်ရာ နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များဖြစ်ပါသည်။

### *ILO ၏ကြေငြာချက်များ*

- လုပ်ငန်းခွင်တွင်းရှိ အခြေခံမူဝါဒများနှင့် အခွင့်အရေးများဆိုင်ရာ ILO ၏ ကြေငြာချက်၊ ၁၉၉၈
- သင့်လျော်ကောင်းမွန်သည့် ကမ္ဘာပြုမှုဖြစ်ပေါ်စေရေးအတွက် လူမှုရေးဆိုင်ရာ တရားမျှတမှု ILO ၏ ကြေငြာချက်၊ ၂၀၀၈

### *ILO ၏ ပြဋ္ဌာန်းချက်များနှင့် တိုက်တွန်း အဆိုပြုချက်များ*

- ILO ၏အလုပ်အကိုင်ခန့်အပ်ရန်အတွက် အနိမ့်ဆုံးအသက်ပြဋ္ဌာန်းချက် ၁၃၈၊ ၁၉၇၃
- ILO ၏အလုပ်အကိုင်ခန့်အပ်ရန်အတွက် အနိမ့်ဆုံးအသက်ဆိုင်ရာ အကြံပြုထောက်ခံချက် ၁၄၆၊ ၁၉၇၃
- ILO ၏ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက် ၁၈၂၊ ၁၉၉၉
- ILO ၏ အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုဆိုင်ရာ အကြံပြုထောက်ခံချက် ၁၉၀၊ ၁၉၉၉
- ILO ၏အိမ်အကူလုပ်သားများအတွက် သင့်လျော်သောအလုပ်ဆိုင်ရာ ပြဋ္ဌာန်းချက် ၁၈၉၊ ၂၀၁၁

### *UN ၏ ပြဋ္ဌာန်းချက်များ*

- ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်၊ ၁၉၈၉
- လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်နေသည့် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက် အတွက် ရွေးချယ်ပိုင်ခွင့်ရှိသည့် ကျင့်သုံးလိုက်နာရမည့်အချက်များ
- ကလေးသူငယ်များရောင်းချခြင်း၊ ကလေးသူငယ်ပြည့်တန်ဆာလုပ်ငန်းနှင့် ကလေးသူငယ်လိင်ဖျော်ဖြေမှု အပြာလုပ်ငန်းများတွင် ပါဝင်နေသည့် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက် အတွက် ရွေးချယ်ပိုင်ခွင့်ရှိသည့် ကျင့်သုံးလိုက်နာရမည့်အချက်များ
- လူကုန်ကူးခြင်းကို အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များကို ကာကွယ်တားဆီးရန်နှင့် လူကုန်ကူးမှု ပြစ်ဒဏ်ချမှတ်ရန်အတွက် ကုလသမဂ္ဂ၏ ပါလာမို ကျင့်သုံး လိုက်နာရမည့် အချက်များ (UN Palermo Protocol)၊ ၂၀၀၀

## လေ့ကျင့်ခန်း ၂ : မြန်မာနိုင်ငံ၏ တရားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကလေးသူငယ် အကာအကွယ်ပေးရေး၏ အားသာချက်၊ အားနည်းချက်များကို ခွဲခြားသတ်မှတ်ခြင်း

ကြာချိန် : မိနစ်

အသုံးပြုမည့် ပစ္စည်း: Flipchart၊ မာကာဘောပင်များ

လေ့ကျင့်ခန်း : အဖွဲ့ငယ်များခွဲပါ။ အဖွဲ့တစ်ဖွဲ့စီတိုင်းသည် အောက်ဖော်ပြပါ မေးခွန်းနှစ်ခုစီထဲမှ တစ်ခုစီကို စဉ်းစားကြရမည်။ မှတ်စုလိုက်ရေးမည့်သူနှင့် တင်ပြမည့်သူများကို ရွေးချယ်ပါ။ ပြီးဆုံးချိန်တွင် အဖွဲ့လိုက်မျက်နှာစုံညီ ပြန်လည် တင်ပြဆွေးနွေးပါ။

အဖွဲ့ ၁ : တင်ဆက်ပြသမှုများနှင့် သင်၏ ကိုယ်ပိုင်အသိပညာအပေါ် အခြေခံပြီး ကလေးသူငယ် အခွင့်အရေးနှင့် ကလေးလုပ်သားဆိုင်ရာ ဥပဒေပြုခြင်းများအကြား အဓိကကွဲပြားခြားနားချက်များနှင့် မြန်မာနိုင်ငံရှိ မူဝါဒများ၊ ILO နှင့် UN တို့၏ နိုင်ငံတကာစံနှုန်းများကို သတ်မှတ်ဆွေးနွေးပါ။ အနိမ့်ဆုံး အလုပ်လုပ်နိုင်သည့် အသက်၊ ဘေးအန္တရာယ်ရှိသောအလုပ်၊ ကလေးသူငယ်ကုန်ကူးခြင်း အစရှိသည်တို့အပါအဝင် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ အမြင်ရှုထောင့်များကို စဉ်းစားသုံးသပ်ပါ။ သင့်အနေဖြင့် ဥပဒေ အကြောင်းအချက်များကို အပြည့်အစုံ အသေးစိတ်သိရှိရန်မလိုဘဲ အဖွဲ့လိုက်အနေဖြင့် ကလေးသူငယ်များအတွက် တရားဥပဒေအရ အကာအကွယ်ပေးမှု မူဘောင်များကို လွှမ်းခြုံသတ်မှတ်ပြီး စိတ်ဝင်စားဖွယ်ရာအချက်များ သို့မဟုတ် ပိုမိုအားကောင်းခိုင်မာရန် လိုအပ်သည့်အချက်များကို ဝေဖန်ဆွေးနွေးရန်သာဖြစ်သည်။ မိန်းကလေးများနှင့် ယောကျ်ားလေးများ၊ တိုင်းရင်းသားများ/ ဒေသခံလူမျိုးစုများ၊ လူနည်းစုအုပ်စုများ၊ မိဘမဲ့များ သို့မဟုတ် အခြားသော ထိခိုက်လွယ် ကလေးသူငယ်များကို အကာအကွယ် ပေးခြင်းဆိုင်ရာများအကြား မည်သည့် ကွဲပြားခြားနားမှု များကိုမဆို စဉ်းစားသုံးသပ်ရန်ဖြစ်သည်။

အဖွဲ့ ၂: ကလေးသူငယ်အကာအကွယ်ပေးရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသော မတူကွဲပြားသည့် အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများနှင့် တာဝန်ယူမှုများကို စဉ်းစားသုံးသပ်ရမည်။ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရာတွင် ကွာဟချက်များ ဖြစ်စေနိုင်မည့် မတူညီသောအခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများတွင် ရှိနေနိုင်သည့် မည်သည့် ကွာဟချက် သို့မဟုတ် ရှင်းလင်းပြတ်သားမှုမရှိခြင်းများကို ခွဲခြားသတ်မှတ်ရန်ဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ အလုပ်သမား၊ စိုက်ပျိုးရေး၊ လူမှုရေးရာ စောင့်ရှောက်ကာကွယ်ရေး အစရှိသည့် ဝန်ကြီးဌာနများကို ထည့်သွင်းစဉ်းစားရမည်။ ထိုကွာဟချက်များကို စာရင်းပြုစုပြီး ဖြစ်နိုင်သည့် ဖြေရှင်းနည်းများကို ခွဲခြားသတ်မှတ်ရမည်။

အဖွဲ့ ၃: တင်ဆက်ပြသမှုနှင့် သင်၏ ကိုယ်ပိုင်အသိပညာ၊ အတွေ့အကြုံများအပေါ် အခြေခံ၍ မြန်မာနိုင်ငံရှိ ကလေးသူငယ်များအတွက် လုပ်ငန်းခွင်ဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး ကိစ္စရပ်များကို ဆွေးနွေးပါ။ မှတ်သားရန်အချက်မှာ ILO ၏ အကြံပြုထောက်ခံချက် ၁၉၀ မှ လမ်းညွှန်ချက်များကို အသုံးပြုရန်ဖြစ်သည်။ ဆွေးနွေးမှုမှနေ၍ ကလေးသူငယ်များအတွက် ဘေးအန္တရာယ်ရှိသော အလုပ်များစာရင်းကို ထုတ်ဖော်သတ်မှတ်ရန်ဖြစ်ပြီး အမျိုးသား ဥပဒေတွင် ထည့်သွင်းရန်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် သီးသန့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက် (ဥပမာအားဖြင့် စိုက်ပျိုးရေး၊

ကုန်ထုတ်လုပ်ရေး၊ သတ္တုတွင်း စသဖြင့်) ခွဲခြားသတ်မှတ်လျှင် ပို၍ အသုံးဝင်အဆင်ပြေမည်ဖြစ်ပြီး မည်သည့်ကဏ္ဍ (များ) တွင် ကလေးလုပ်သားအရေအတွက် အများဆုံးတွေ့ရှိရကြောင်း စဉ်းစား သုံးသပ်ရန်ဖြစ်သည်။

# အပိုင်း ၂ : ကမ္ဘာ့အဆင့်၊ နိုင်ငံအဆင့် ကလေးလုပ်သား ခန့်မှန်းတွေ့ရှိမှုများကို သိရှိနားလည်ခြင်း

## ဒေသတွင်း ကလေးလုပ်သား ပျံ့နှံ့တည်ရှိမှု (၂၀၁၆)

| ဒေသ | ကလေးလုပ်သား ('၀၀၀) | ဘေးအန္တရာယ် ရှိသောအလုပ် ('၀၀၀) |
|---|---|---|
| ကမ္ဘာတဝှမ်းလုံး | ၁၅၁,၆၂၂ | ၇၂,၅၂၅ |
| အာဖရိက | ၇၂,၁၁၃ | ၃၁,၅၃၈ |
| အာရပ်နိုင်ငံများ | ၁,၁၆၂ | ၆၁၆ |
| အာရှနှင့် ပစိဖိတ် | ၆၂,၀၇၇ | ၂၈,၄၆၉ |
| အမေရိကနိုင်ငံများ | ၁၀,၇၃၅ | ၆,၅၅၃ |
| ဥရောပနှင့်အာရှအလယ်ပိုင်း | ၅,၅၃၄ | ၅,၃၄၉ |

## ကလေးလုပ်သားနှင့် ကျား/မဆိုင်ရာ (၂၀၁၆)

| လိင် | ကလေးလုပ်သား ('၀၀၀) | ဘေးအန္တရာယ် ရှိသောအလုပ် ('၀၀၀) |
|---|---|---|
| ယောကျ်ားလေးများ | ၈၇,၅၂၁ | ၄၄,၇၇၄ |
| မိန်းကလေးများ | ၆၄,၁၀၀ | ၂၇,၇၅၁ |
| စုစုပေါင်း | ၁၅၁,၆၂၁ | ၇၂,၅၂၅ |






# မြန်မာနိုင်ငံ လုပ်သားအင်အားစစ်တမ်း၏ အကျိုးရလဒ်များ

## *မြန်မာနိုင်ငံရှိ ကလေးလုပ်သားနှင့် ဘေးအန္တရာယ်ရှိနေသော ကလေးလုပ်သားများ ခန့်မှန်းချက်*

| ဖော်ပြချက် | ၂၀၁၅ လုပ်သားအင်အားစစ်တမ်း | | | ၂၀၁၇ လုပ်သားအင်အားစစ်တမ်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ကလေးဦးရေ (အသက် ၅နှစ်-၁၇နှစ်) | ၁၂,၁၄၆,၄၆၃ | ၆,၀၁၀,၄၅၉ | ၆,၁၃၆,၀၀၄ | ၁၂,၄၁၀,၀၀၀ | ၆,၁၅၇,၀၀၀ | ၆,၂၅၃,၀၀၀ |
| အလုပ်လုပ်သော ကလေး | ၁,၂၇၈,၉၀၉ | ၆၇၆,၂၀၈ | ၆၀၂,၇၀၁ | ၈၀၅,၀၀၀ | ၄၄၈,၀၀၀ | ၃၅၇,၀၀၀ |
| ကလေးအလုပ်သမား | ၁,၁၂၅,၆၆၁ | ၆၀၁,၄၇၁ | ၅၂၄,၁၉၀ | ၆၂၃,၀၀၀ | ၃၅၀,၀၀၀ | ၂၇၃,၀၀၀ |
| ဘေးအန္တရာယ်ရှိသော ကလေး အလုပ်သမား | ၆၁၆,၈၁၅ | ၃၃၇,၃၁၈ | ၂၇၉,၄၉၈ | ၆၀၈,၀၀၀ | ၃၄၃,၀၀၀ | ၂၆၅,၀၀၀ |
| အလုပ်လုပ်သော ကလေး(%) အချိုးအစား | ၁၀.၅ | ၁၁.၃ | ၉.၈ | ၆.၅ | ၇.၃ | ၅.၇ |
| ကလေးအလုပ်သမား (%) အချိုးအစား | ၉.၃ | ၁၀.၀ | ၈.၅ | ၅.၀ | ၅.၇ | ၄.၄ |
| ဘေးအန္တရာယ်ရှိသော ကလေး အလုပ်သမား (%) အချိုးအစား | ၅.၁ | ၅.၆ | ၄.၆ | ၄.၉ | ၅.၆ | ၄.၂ |

## *မြန်မာနိုင်ငံရှိ အလုပ်လုပ်နေသောကလေးများကို အလုပ်ခန့်ထားသည့်လုပ်ငန်းများ (၂၀၁၅)*

| ကဏ္ဍ | % |
|---|---|
| စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်း | ၆၀.၅ |
| ကုန်ထုတ်လုပ်ရေး | ၁၂ |
| ဆောက်လုပ်ရေး | ၄ |
| ကူးသန်းရောင်းဝယ်ရေး | ၁၁.၁ |
| အခြားသော ဝန်ဆောင်မှုများ | ၆.၁ |
| အခြားသောလုပ်ငန်းများနှင့် အလုပ်အကိုင်များ | ၆.၃ |
| စုစုပေါင်း | ၁၀၀.၀ |

## *မြန်မာနိုင်ငံရှိ အလုပ်လုပ်နေသောကလေးများ၏ အဓိက အလုပ်အကိုင်အုပ်စုများ (၂၀၁၅)*

| အလုပ်အကိုင်များ | % |
|---|---|
| ဝန်ဆောင်မှုနှင့် ရောင်းချခြင်းဆိုင်ရာ လုပ်သားများ | ၈.၀ |
| ကျွမ်းကျင်မှုလိုအပ်သော စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း လုပ်သားများ | ၅၀.၃ |
| လက်မှုပညာနှင့် သက်ဆိုင်ရာအရောင်းအဝယ်လုပ်သားများ | ၉.၅ |
| စက်ရုံနှင့် စက်မောင်းသူများ၊ တပ်ဆင်သူများ | ၂.၀ |
| အခြေခံ အလုပ်အကိုင်များ | ၂၉.၅ |
| အခြား | ၀.၇ |
| စုစုပေါင်း | ၁၀၀ |

# လေ့ကျင့်ခန်း ၃ : မြန်မာနိုင်ငံရှိကလေးလုပ်သားများ၏ ထိခိုက်နိုင်ချေရှိသည်များကို မြေပုံဆွဲခြင်း

ကြာချိန်: (၃၀) မိနစ်

ပစ္စည်းများ: Flipcharts ၊ မာကာဘောပင်များ၊ မြန်မာနိုင်ငံမြေပုံ

လေ့ကျင့်ခန်း: တင်ပြခဲ့သည်များနှင့် သင်၏ကိုယ်ပိုင်အသိအမြင်အပေါ်အခြေခံ၍ မြန်မာနိုင်ငံရှိ ကလေးလုပ်သားများ ထိခိုက်နိုင်ချေရှိသည်များကို ဆွေးနွေးပါ။ အဖွဲ့ငယ် (၄) ဖွဲ့ခွဲပါ။ တစ်ဖွဲ့ခြင်းစီတွင် မတူညီသော အလုပ်တာဝန်များ တစ်ခုစီရရှိမည်ဖြစ်သည်။ မှတ်စုရေးမည့်သူနှင့် တင်ပြမည့်သူကို ရွေးချယ်ပါ။ သင့်အနေဖြင့်ပြီးစီးပြီဆိုပါက တွေ့ရှိချက်များကို မျက်နှာစုံညီတင်ပြပါ။

အဖွဲ့ ၁: မြန်မာနိုင်ငံရှိ မည်သည့်စီးပွားရေးကဏ္ဍများနှင့် လုပ်ငန်းများသည် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း၊ ဘေးအန္တရာယ်ရှိနေသော ကလေးလုပ်သားများ အပါအဝင် ထိခိုက်လွယ်သော ကလေးလုပ်သားများဖြစ်စေပါသလဲ? သမားရိုးကျလုပ်ငန်း၊ သမားရိုးကျမဟုတ်သော စီးပွားရေး လုပ်ငန်းများနစ်မျိုးလုံးကို စဉ်းစားသုံးသပ်ရန်ဖြစ်ပြီး စိုက်ပျိုးရေး(ရေလုပ်ငန်း၊ သစ်လုပ်ငန်း၊ တိရိစ္ဆာန်မွေးမြူရေးများ အပါအဝင်)၊ သီးသန့်ကုန်ထုတ်လုပ်ငန်း၊ သတ္တုတွင်းကဲ့သို့သော ပင်မလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ရေး၊ အိမ်အကူလုပ်ငန်းအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းခွဲအားလုံး စသည်တို့ကိုပါ ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။ အသေးစိတ်နိုင်သမျှစိတ်ပါ။

အဖွဲ့ ၂ : ပေးထားသည့်မြေပုံကိုအသုံးပြု၍ မြန်မာနိုင်ငံတွင် ကလေးလုပ်သား ပျံ့နှံ့ဖြစ်ပွားနေသော ဒေသများ၊ မြို့တော်များ၊ နယ်ပယ်များနှင့် အခြားသောတည်နေရာများကို ဆွေးနွေးရမည်။ ထိုနေရာများကို မြေပုံပေါ်တွင် သတ်မှတ်ပြီးလျှင် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သား ခိုင်းစေခြင်း အပါအဝင် ကလေးလုပ်သားများ လုပ်ကိုင်နေရသော အလုပ်အမျိုးအစားများကို ညွှန်ပြရန်ဖြစ်သည်။ ကမ်းရိုးတန်းဒေသများနှင့် နယ်စပ်ဒေသများကိုလည်း ထည့်သွင်းစဉ်းစားပါ။

အဖွဲ့ ၃: သင်၏ကိုယ်ပိုင်အသိပညာနှင့် မြန်မာနိုင်ငံတွင် ရနိုင်သမျှသော သတင်းအချက်အလက်များအပေါ်အခြေခံ၍မြန်မာနိုင်ငံရှိကလေးအရေအတွက်အများစုသည်မည်သည့်အလုပ်အမျိုးအစားများတွင် ပါဝင်နေကြပါသနည်း? တတ်နိုင်သမျှသီးသန့်အသေးစိတ်စဉ်းစားပြီး တင်ဆက်ပြသချိန်တွင် ဆွေးနွေးခဲ့သော အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သား ခိုင်းစေခြင်းလေးမျိုးကိုလည်း ထည့်သွင်းစဉ်းစားပါ၊ ကျွန်ပြုခြင်း၊ ကလေးသူငယ်ကုန်ကူးခြင်း၊ စီးပွားဖြစ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ တရားဥပဒေနှင့် မလွတ်ကင်းသောလုပ်ငန်းများတွင် ခိုင်းစေခြင်း၊ ဘေးအန္တရာယ်ရှိသော ကလေးလုပ်သား စသည်တို့ဖြစ်သည်။ အချိန်ရှိခဲ့ပါက မြန်မာနိုင်ငံတွင် ကလေးလုပ်သားများသည် မည်သည့်နေရာတွင် အထူထပ်ဆုံးဖြစ်သည်ကို စဉ်းစားသုံးသပ်ပေးရမည်။

အဖွဲ့ ၄: ပေးထားသည့်မြေပုံကိုအသုံးပြု၍ မြန်မာနိုင်ငံအတွင်း ကလေးသူငယ်များ၏ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့်/သို့မဟုတ် လူကုန်ကူးခံရခြင်း လှုပ်ရှားမှုများ စတင်သည့်၊ ရောက်ရှိသည့်၊ ဖြတ်သန်းသွားလာသည့်နေရာဒေသများကို ဆွေးနွေးသတ်မှတ်ပါ။ ထိုလှုပ်ရှားမှုများကို ညွှန်ပြရန်အတွက် မြေပုံပေါ်တွင် မြှားများကို အသုံးပြုပါ။ မြို့တော်များ၊ ဆိပ်ကမ်းများ၊ နယ်စပ်များနှင့် ကျေးလက်ဒေသများ စသဖြင့် စဉ်းစားရန်နှင့် ကလေးသူငယ်များ အသုံးပြုသည့် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း

သယ်ယူပို့ဆောင်ရေးကိုလည်း သတ်မှတ်ပါ။ သတိပြုရန်မှာ နိုင်ငံတကာနယ်စပ်များနှင့် ပြည်တွင်းရှိ ဒေသများ၊ နယ်ပယ်များ၊ ကျေးလက်ဒေသများမှ မြို့ပြများသို့ ရွှေ့ပြောင်းသွားလာခြင်းများကို လည်း စဉ်းစားရန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်များရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု နှင့် လူကုန်ကူးခြင်းများကြောင့် မည်သို့သက်ရောက်မှုများဖြစ်ပေါ်သည်ကို သင်နားလည်သိရှိထား သည်များနှင့် သက်ဆိုင်သော မည်သည့်မှတ်စုများကို မဆို ဖြည့်စွက်ထည့်သွင်းပါ။



# အပိုင်း ၃ : ကလေးလုပ်သားများ ဖြစ်စေရသော အကြောင်းရင်းများနှင့် နောက်ဆက်တွဲရလဒ်များ

# ကလေးလုပ်သားများ ဖြစ်စေရသောအကြောင်းများ၊ ထိခိုက်လွယ်မှုနှင့် နောက်ဆက်တွဲရလဒ်များကို နားလည် သဘောပေါက်စေခြင်း

## *ကလေးလုပ်သားဖြစ်စေရသောအကြောင်းရင်းများ*

ကလေးသူငယ်များကို အလုပ်ခွင်သို့ ရောက်ရှိစေသော အကြောင်းအချက်များမှာ မည်သည်တို့ဖြစ်ပါသလဲ?

ဆင်းရဲနွမ်းပါးမှု: မိသားစုများမှ ၎င်းတို့၏ကလေးများကို အလုပ်ခွင်သို့စေလွှတ်ရသည့် အဖြစ်များသော အကြောင်းရင်းမှာ ထိုကလေးငယ်မှရရှိလာမည့် အပိုဝင်ငွေကို လိုအပ်ကြခြင်းကြောင့်ဖြစ်သည်။ ကလေးသူငယ်များသည် အရွယ်ရောက်ပြီးသူများထက် လုပ်ခလစာ အမြဲတမ်းလိုလိုနည်းပါးသော်လည်း အလွန်ဆင်းရဲနွမ်းပါးသည့် မိသားစုများအတွက်မူ ယင်းသည် အရေးကြီးသော အပိုဖြည့်စွက်ရရှိမှု ဖြစ်နေဆဲသာဖြစ်သည်။

ကလေးလုပ်သားဖြစ်စေသည့်အခြားသော အဖြစ်များသည့် မိသားစု ဆင်းရဲနွမ်းပါးမှုအကြောင်းရင်းများမှာ မိဘများ နာမကျန်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်း၊ အလုပ်ရှင်ထံသို့ မိဘများမှ ပေးဆပ်ရမည့်ကြွေးမြီ သို့မဟုတ် နှောင်ကြိုးများ၊ မိဘများအလုပ်အကိုင်မရှိခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင်မူ ရိတ်သိမ်းသည့်အချိန်အခါများတွင် ဖြစ်သည်။

ကျွမ်းကျင်မှုရရှိစေလိုခြင်း ကလေးများကို မိဘများမှ အလုပ်လုပ်စေလိုသည့် အခြားသော ဖြစ်နေကျအကြောင်းရင်း တစ်ခုမှာ အသုံးဝင်သော ကျွမ်းကျင်မှုအရည်အချင်းများကို ကလေးငယ်များသင်ယူခြင်း သို့မဟုတ် စောစီးစွာစတင် လုပ်ကိုင်ခြင်းဖြင့် ကလေးများသည် ၎င်းတို့ဘဝနောက်ပိုင်းတွင် အလုပ်ကောင်းတစ်ခုကို ရရှိသွားကြမည်ဟု ယူဆကြသောကြောင့်ဖြစ်သည်။

ဘေးကျပ်နံကျပ်ဒုက္ခဖြစ်ချိန် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း သို့မဟုတ် ငလျင်လှုပ်ခြင်းများသည် မိသားစုများ၏ပုံမှန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အနှောက်အယှက်ဖြစ်စေသလို တနည်းအားဖြင့် ဆိုသော် အလုပ်အခွင့်အလမ်းများကိုလည်း ဖန်တီးဖြစ်ပေါ်စေပြီး (ဥပမာအားဖြင့် ဆောက်လုပ်ရေး) ကလေးလုပ်သားများ တရှိန်ထိုးပေါ်ထွက်လာတတ်သည်။ စစ်ပွဲများနှင့် ပဋိပက္ခများသည်လည်း အလားတူသက်ရောက်မှုများကို ဖြစ်စေသည်။

အရည်အသွေးညံ့သော စာသင်ကျောင်းများ ၎င်းတို့၏ကလေးများကို စာသင်ကျောင်း သို့မဟုတ် အလုပ်ခွင်သို့ စေလွှတ်ရန် ရွေးချယ်ရာတွင် အထူးသဖြင့် ပညာသင်စရိတ် သို့မဟုတ် အခြားသတ်ဆိုင်ရာ ပညာရေးအတွက် ကုန်ကျမှုများရှိသော ရေရှည်အနေအထားမှရရှိမည့် ကျောင်းပညာရေးထက် ရေတိုအတွင်းရရှိမည့် ကလေး၏ ဝင်ငွေက ပို၍ဆွဲဆောင်မှုကို ဖြစ်စေသည်။

ရောင်းလိုအားနှင့် ဝယ်လိုအားဆိုင်ရာအချက် ယင်းသည် အလုပ်လုပ်ခိုင်းရန်အတွက် ကလေးများရရှိနိုင်မှုနှင့် ကလေးများ ရရှိနိုင်သော အလုပ်များကို ဆိုလိုသည်။

## ထိခိုက်လွယ်သော ကလေးသူငယ်များ

အချို့သောကလေးငယ်များသည် အလုပ်ခွင်အတွင်း ဆွဲသွင်းခံရမည့် အထူးထိခိုက်နိုင်ချေများရှိခြင်း သို့မဟုတ် အလုပ်ခွင်အတွင်း ညှင်းပန်းနှိပ်စက်ခံရရန်အတွက် ထိခိုက်လွယ်နိုင်ချေရှိသော ကလေးများဖြစ်သည်။

အိမ်ထောင်ကွဲနေသည့်မိသားစုများမှ ကလေးငယ်များ သို့မဟုတ် အိမ်ထောင်ကွဲ မိသားစုများတွင် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများအပါအဝင် အိမ်တွင်းအကြမ်းဖက်မှုများ၊ အရက် သို့မဟုတ် မူးယစ်ဆေးဝါး အသုံးပြုခြင်းများ စွဲကပ်တတ်ကြပြီး လမ်းပေါ်တွင် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးသော အလုပ်များတွင် အဆုံးသတ်ကြကာ မူးယစ်ဆေးစွဲနိုင်ချေလည်း ရှိကြသည်။

ကလေးသူငယ်ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများ သည် တခါတရံပို၍ ထိခိုက်နိုင်ချေရှိတတ်ကြပြီး အထူးသဖြင့် ၎င်းတို့၏မိသားစု သို့မဟုတ် သင့်လျော်မှန်ကန်သည့် အထောက်အထားများ မပါဘဲ ခရီးသွားလာကြလျှင် ဖြစ်သည်။ ယင်းသည် တရားဥပဒေဖြင့် အကာအကွယ်ပေးခြင်း အားနည်းသော သို့မဟုတ် အကာအကွယ်ပေးခြင်းမရှိသော နိုင်ငံများ သို့ ကလေးငယ်များ ပြောင်းရွှေ့သွားလာလျှင် ပို၍ဆိုးဝါးစေသည်။ မကြာခဏဆိုသလိုပင် ကလေးငယ်များမှ အာဏာပိုင်များကို သတင်းပို့ အကြောင်းကြားမည်ကို စိုးရွံ့ကြသောကြောင့် ကျောင်းတက်ခွင့်မပြုခြင်း၊ ဆေးခန်းများ သို့မဟုတ် လူမှုရေးရာဝန်ဆောင်မှုများကို အသုံးပြုခွင့်မပေးခြင်းများကိုပင်တွေ့ကြုံကြရသည်။ အကယ်၍ ၎င်းတို့ အနေဖြင့် နှိပ်စက်ညှင်းပန်းခံရခြင်း သို့မဟုတ် လုပ်ခလစာမရရှိခြင်းများ ဖြစ်ပေါ်ပါက အရင်းအမြစ်အနည်းငယ်သာ ရှိပြီး ကူညီရန်လည်း မည်သူမှပေါ်လာမည်မဟုတ်ပေ။

HIV ဖြင့်မွေးဖွားလာသော ကလေးလုပ်သား AIDS သည် ကမ္ဘာအနှံ့ပျံ့နှံ့ဖြစ်ပွားပြီး အထူးသဖြင့် ကလေးငယ်များ အပေါ်တွင် အခက်အခဲများဖြစ်ပေါ်စေသည်။ မိဘမဲ့ကလေးများစွာ ဖြစ်ပေါ်လာပြီး ပိုမိုငယ်သည့် မွေးချင်းများကို စောင့်ရှောက်ရန်တာဝန်ယူကြရသည်။ ထိုကလေးများသည် တခါတရံ ရှင်သန်နေနိုင်ရန်အတွက် မဖြစ်မနေ အလုပ်လုပ်ကြရပြီးအချို့မှာနာမကျန်းသည့်မိဘများသို့မဟုတ်အခြားသောမိဘမဲ့သွားသည့်မိသားစုဝင်များအတွက် ထောက်ပံ့ကူသ ရန် ပညာရေးကို လက်လွှတ်လိုက်ရသည်များလည်း ရှိသည်။

မသန်စွမ်းသော ကလေးငယ်များ စာသင်ကျောင်းများသည် ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသော ကလေးများနှင့် သင်ယူရန် အခက်အခဲရှိသောကလေးများကို လက်ခံသင်ကြားမပေးနိုင်သောအခါများတွင် မိသားစုများသည် အလုပ်ခွင်သို့ လွှတ်တတ်ကြသည်။ အလုပ်ခွင်တွင် ၎င်းတို့သည် အကာအကွယ်မရှိကြဘဲ ညှင်းပန်းစော်ကားခြင်းများကိုလည်း ခံစားရ စေနိုင်သည်။

ခွဲခြားဆက်ဆံခြင်း အချို့သောအခြေအနေများတွင် မိန်းကလေးများသည် အတူနေအိမ်ဖော်အလုပ်ကဲ့သို့အလုပ်များ လုပ်ရန် စောစီးစွာ စေလွှတ်ခံရပြီး ယောကျ်ားလေးများသည်လည်း ၎င်းတို့အသက်အရွယ်နှင့် မသင့်လျော်သော အလုပ်များလုပ်ရန် တွန်းအားပေးခိုင်းစေခံကြရသည် (ဥပမာ သတ္တုတွင်းလုပ်ငန်း)။ ပိုမိုသန်မာသည့် ကလေးငယ်များသည် အစမ္ဘအလုပ်လုပ်ခိုင်းခြင်းကိုပင်တွေကြုံရနိုင်ပြီး မွေးချင်းများထက် "ပိုမိုကျန်းမာသန်စွမ်းမှုကြောင့်အခိုင်းခံရခြင်း"ကိုတွေ့ကြုံရတတ်သည်။တိုင်းရင်းသားလူမျိုးများသို့မဟုတ်ဘာသာရေးဆိုင်လူနည်းစုအုပ်စုများတွင်လည်း အရွယ်ရောက်ပြီးသူများအတွက် သင့်လျော်ကောင်းမွန်သောအလုပ်မရရှိခြင်းကြောင့် ၎င်းတို့၏ကလေးများကို အလုပ် လုပ်ခိုင်းရခြင်းများ ရှိတတ်သည်။

### *ကလေးငယ်များ၏ ထိခိုက်လွယ်မှုတိုးမြင့်ခြင်း*

ကလေးလုပ်သားများသည် အရွယ်ရောက်ပြီးလုပ်သားများကဲ့သို့ပင် တူညီသော ဘေးအန္တရာယ်များ တွေ့ကြုံကြရသော်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကိုမူ ပိုမိုထိခိုက်လွယ်ကြမည့် အနေအထားရှိသည်။ နှစ်စဉ်နှစ်တိုင်း ကလေးငယ် (၁၅) သန်းခန့်သည် အလုပ်ခွင်အတွင်း ထိခိုက်ဒဏ်ရာရကြပြီး အလုပ်လုပ်ခြင်း သို့မဟုတ် ကျောင်းတက်ခြင်း ကို နားလိုက်ရခြင်း သို့မဟုတ် ဆေးဝါးကုသမှုခံယူရခြင်းများကိုပင် ပြုလုပ်ကြရသည်။ အသက် (၅ နှစ်မှ ၁၇ နှစ်ကြား) မည်သည့်ပြင်းထန်မှုအနေအထားပင်ဖြစ်စေ ကျန်းမာရေးထိခိုက်မှုဖြစ်စဉ်များမှာ နှစ်စဉ်ခန့်မှန်းခြေ (၁၀၆.၄) သန်းရှိသည်။

ကိစ္စရပ်အားလုံးနီးပါးတွင် ကလေးများသည် လုပ်ငန်းခွင် ဘေးအန္တရာယ်များကို ပိုမိုထိခိုက်လွယ်ကြပြီး ၎င်းတို့၏ ထူးခြား ကွဲပြားသော ခန္ဓာဗေဒ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လက္ခဏာများကြောင့်ဖြစ်သည်။ ထို့အတူ ကလေးများသည် -

- ဖြစ်လာအံ့ဆဲဆဲ ဘေးအန္တရာယ်များကို ကွဲပြားစွာ (ဆင်ခြင်နိုင်မှုနည်းပါးစွာ) ဖြင့် တုံ့ပြန်တတ်ကြသည်။
- ဘဝနှင့် အလုပ်ဆိုင်ရာ အတွေ့အကြုံများမရှိကြဘဲ၊ ထိခိုက်နိုင်ချေရှိသည်များနှင့် ပတ်သက်သည့် အသိပညာနှင့် သင့်လျော်မှန်ကန်သော တုံ့ပြန်လုပ်ဆောင်မှုများလည်း မရှိကြပေ။
- အမြဲတမ်းလိုလို လေ့ကျင့်သင်ကြားမှုမရှိခြင်း သို့မဟုတ် လုံလောက်သည့်သင်ကြားမှုများမရှိကြပေ။
- ဓာတုဗေဒပစ္စည်းများမှ ထိခိုက်ဘေးဖြစ်မှုများကို ပိုမိုခံစားကြရတတ်ပြီး စိတ်ပင်ပန်းဖွယ်အလုပ်များကိုလည်း လုပ်ကိုင်ကြရသည်။
- အပင်ပန်းမခံနိုင်ကြခြင်းနှင့် သတိလစ်ဟင်းမှုများသည်လည်း ထိခိုက်ဒဏ်ရာရမှုများ ဖြစ်စေသည်။

ကလေးသူငယ်များသည် ခြိမ်းခြောက်ရန် ပိုမိုလွယ်ကူသောကြောင့် အနိုင်ကျင့်ခံရခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်းများလည်း တွေ့ကြုံရနိုင်ပြီး ၎င်းတို့အတွက် အလွန်ခက်ခဲသော သို့မဟုတ် အန္တရာယ်ရှိသောအလုပ်များကို ပုံမှန်အခိုင်းခံရခြင်းများလည်း ရှိနိုင်သည်။

## ကလေးလုပ်သားများ၏ နောက်ဆက်တွဲအကျိုးဆက်များ

ကလေးလုပ်သားသည် ကလေးများ၏ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ပျက်စီးစေပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်း-လူမှုရေးရာ ဖွံ့ဖြိုးတိုးတက်မှုကိုလည်းသက်ရောက်စေကာ နာမကျန်းဖြစ်နိုင်ချေနှင့် ဒဏ်ရာရရှိနိုင်မှုမြင့်မားခြင်း၊ သေဆုံးခြင်းများကိုပင်ကြုံတွေ့ရနိုင်သည်။ ၎င်းတို့လုပ်ရသည့် အလုပ်များနှင့် ဆင်းရဲညှို့ဖျင်းသည့် အခြေအနေများတွင် နာရီများစွာ လုပ်ကိုင်ရခြင်းများကြောင့် ကလေးများ၏ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများကို ထိခိုက်စေနိုင်သည်။ ကလေးလုပ်သားအဖြစ် လုပ်ကိုင်ရခြင်းကြောင့် ရေရှည်ကျန်းမာရေးပြဿနာများကို ခံစားကြရပြီး ဖွံ့ဖြိုးမှုမရှိတော့ခြင်း သို့မဟုတ် အရွယ်ရောက်ချိန်တွင် မသန်မစွမ်းဖြစ်သွားခြင်းများကို ကြုံရနိုင်သည်။

### *ကလေးများအတွက်*

▶ ကလေးများအတွက် ရေရှည် သို့မဟုတ် အမြဲထာဝရ ဒုက္ခဖြစ်သွားစေမည့်ပြဿနာများမှာ -

- ဝ အလေးအပင်များမရခြင်းကြောင့် အရိုးအကြောများ မသန်မစွမ်းဖြစ်ခြင်း
- ဝ ဖုန်မှုန့်များကို ထိတွေ့ရခြင်းကြောင့် အဆုတ်ရောဂါများဖြစ်ပွားခြင်း
- ဝ ပိုးသတ်ဆေးများနှင့် စက်မှုလုပ်ငန်း ဓာတုပစ္စည်းများကို ထိတွေ့ရခြင်းကြောင့် ကင်ဆာများနှင့် မျိုးပွားစနစ် ပျက်စီးခြင်းများ

၀ ရှည်လျားသောနာရီများ၊ သန့်ရှင်းမှုညံ့ဖျင်းခြင်း၊ ဖိစီးမှုများနှင့် အခြားစဉ်းစားသုံးသပ်ရန်လိုအပ်သော အချက်များကြောင့် ကျန်းမာရေးကိုထိခိုက်ခြင်းများ

- အလုပ်ရှင်များ၏ ဆိုးရွားသောဆက်ဆံမှုများ၊ စော်ကားမှုများ သို့မဟုတ် ဥပေက္ခာပြုခံရခြင်းများကြောင့် ကလေးသူငယ်များအနေဖြင့် မိမိကိုယ်ကိုအထင်အမြင်လျော့ပါးခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုမရှိတော့ခြင်း၊ လူမှုရေးရာနှင့် ပေါင်းသင်းဆက်ဆံရေးတွင် ပြဿနာများဖြစ်ပေါ်ခြင်း စသဖြင့် စိတ်ခံစားမှုတွင် အမာရွတ်များ ဖြစ်ပေါ်စေနိုင်သည်။
- ကလေးလုပ်သားများဖြစ်ခြင်းကြောင့် ကလေးများ၏ပညာရေး နှင့်/သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို လက်လှမ်းမီတက်ရောက်နိုင်မှုအား အဟန့်အတားဖြစ်စေပြီး စာသင်ကျောင်းနှင့် အလုပ်အကြား ဝန်ထုပ်ဝန်ပိုး များစွာဖြစ်ပေါ်စေနိုင်သည်။
- ကလေးလုပ်သားသည် ကလေးငယ်၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာအစွမ်းအစနှင့် နောက်ပိုင်းဖွံ့ဖြိုးတိုးတက်လာမည့်ဘဝတွင် ဖြစ်နိုင်ချေရှိသည်များကို အကန့်အသတ်ဖြစ်စေပြီး စဉ်ဆက်မပြတ် ဆင်းရဲနွမ်းပါးမှုကိုသာ ဦးတည်စေသည်။
- ပညာရေးနှင့် သင်တန်းများကို တက်ရောက်နိုင်ရန်အတားအဆီးများသည် ကလေးငယ်များကို ကလေးလုပ်သားအဖြစ်သာ ဆက်လက်ရှိနေစေပြီး အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်သို့ ရောက်သည့်အခါတွင်လည်း သင့်လျော်ကောင်းမွန်သောအလုပ်များကို လက်လှမ်းမီရရှိနိုင်မှု မရှိတော့ပေ။

## မိသားစုအပေါ်တွင်သက်ရောက်မှု

- ကလေးလုပ်သားသည် ယေဘုယျအားဖြင့် ကလေး၏ ပညာရေးကို ထိခိုက်စေပြီး လုံလောက်သောအချိန်နှင့် အနားယူရန် သို့မဟုတ် လေ့လာသင်ယူမှုများပြုလုပ်ရန်လည်း မလုံလောက်ခြင်း၊ ကျောင်းတက်ချိန်ကို အလုပ် ကြောင့် ကြားဖြတ်ရပ်နားရခြင်းများ စသည်တို့တွေ့ကြုံရနိုင်သည်။ ကလေးလုပ်သားများသည် ကျောင်းထွက်နှုန်း မြင့်မားခြင်း၊ ညံ့ဖျင်းသော လေ့လာသင်ယူမှုများနှင့် ဆက်နွယ်နေလေ့ရှိသည်။
- အကယ်၍ ကလေးတစ်ဦးသည် လုပ်ငန်းခွင်တွင်းထိခိုက်ဒဏ်ရာရသည် သို့မဟုတ် ရေရှည်နာမကျန်းဖြစ်သည်ဆိုပါက ဘဏ္ဍာရေးကုန်ကျမှုများလည်း ဖြစ်ပေါ်လာမည်ဖြစ်သည်။ ဆေးဝါးကုသစရိတ်နှင့် ထာဝရ မစွမ်းမသန်တော့သော ကလေးကို ပြုစုစောင့်ရှောက်ရန်မှာ နဂိုကတည်းက ငွေရေးကြေးရေးအတွက် လုံးပမ်း နေရသော မိသားစုများအတွက် ကြီးစွာသော ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်ဖြစ်သည်။

## လူ့အဖွဲ့အစည်းပေါ်တွင် သက်ရောက်မှု

- ကလေးလုပ်သားများရှိသည့် နိုင်ငံတစ်ခုသည် ပညာရေးလုံလောက်မှုမရှိသော လုပ်သားအင်အား၊ တနည်းအားဖြင့် နည်းပါးသောကုန်ထုတ်စွမ်းအား၊ အလုပ်လက်မဲ့နှုန်းမြင့်မားခြင်း၊ အရည်အချင်းနိမ့်သော လုပ်သားအင်အားသာ အချိုးအစားအလွန်များခြင်း၊ လုပ်ခနည်းအလုပ်များ စသည်တို့ဖြင့်သာ အဆုံးသတ်မည်ဖြစ်သည်။ ထိုအချက်အလက်အားလုံးသည် တိုင်းပြည်၏ စီးပွားရေးကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေမည်ဖြစ်သည်။

## လေ့ကျင့်ခန်း ၄ : ကလေးလုပ်သားများ ဖြစ်စေရသော အကြောင်းရင်းများနှင့် နောက်ဆက်တွဲ ရလဒ် များကို နက်နဲစွာ နားလည်သဘောပေါက်စေခြင်း

ကြာချိန်: (၃၀) မိနစ်

ပစ္စည်းများ: Flipchart ၊ မာကာဘောပင်များ၊ မြန်မာနိုင်ငံမြေပုံ

လေ့ကျင့်ခန်း: အဖွဲ့လေးဖွဲ့ခွဲပါ။ အဖွဲ့တစ်ဖွဲ့ခြင်းသည် အောက်ဖော်ပြပါ မေးခွန်းများ/အကြောင်းအရာများတစ်ခုစီကို စဉ်းစားသုံးသပ်ရမည်။ မှတ်စုရေးသူတစ်ဦးနှင့် တင်ဆက်ပြသမည့်သူ တစ်ဦးစီကို ရွေးချယ်ပါ။ ပြီးဆုံးခဲ့ပါက ပြန်လည်ပေါင်းစည်းပြီး တွေ့ရှိချက်များကို မျက်နှာစုံညီဆွေးနွေးရမည်ဖြစ်သည်။

အဖွဲ့ ၁: မြန်မာနိုင်ငံတွင် အထိခိုက်အလွယ်ဆုံး ကလေးလုပ်သားများနှင့် ပတ်သက်၍ လေ့လာမှုတစ်ခု ဖော်ထုတ်ပါ။ မိဘမဲ့များ၊ မွေးစာရင်းမရှိသည့် ကလေးငယ်များ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာနေသည့်ကလေးများ၊ လူမှုရေးအရဖယ်ထုတ်ခံထားရသည့် လူနည်းစုအုပ်စုများမှ ကလေးများ စသဖြင့် အကန့်အသတ်မထားဘဲ စဉ်းစားလုပ်ဆောင်နိုင်သည်။ ကျားမဆိုင်ရာ၊ သက်တူရွယ်တူအုပ်စုများ၊ လူမှုရေးအဆင့်အတန်း၊ တိုင်းရင်းသား သို့မဟုတ် မူလနိုင်ငံသား၊ စသည်တို့နှင့် အခြားထိခိုက်လွယ်မှုနှင့်သက်ဆိုင်သော အချက်များအားလုံးကို စဉ်းစားသုံးသပ်ပြီး စာရင်းပြုစုရမည်။ ဖြစ်နိုင်ပါက ပေးထားသည့်မြေပုံကိုအသုံးပြု၍ ထိုသီးသန့်ကလေးအုပ်စုများကို ပထဝီဝင်အနေအထားအရမည်သည့်နေရာတွင် ထူထပ်စွာတွေ့ရှိရကြောင်းကို ညွှန်ပြပါ။

အဖွဲ့ ၂: တင်ဆက်ပြသမှုနှင့် သင်၏ကိုယ်ပိုင်အသိပညာများအပေါ်တွင် အခြေခံ၍ မြန်မာနိုင်ငံရှိ ကလေးလုပ်သားများ၏ ဖြစ်လာရခြင်း အဓိကအကြောင်းရင်းများကို ဆွေးနွေးပါ။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အခြားဖြစ်နိုင်သည့်အကြောင်းရင်းများကို စဉ်းစားသုံးသပ်ပါ။ တန်းတူမညီမျှမှု၊ ခွဲခြားဆက်ဆံမှု၊ တိုင်းရင်းသားဖြစ်မှု၊ မိဘများ၏အလုပ်အကိုင် အရည်အသွေး၊ ပညာရေးအပါအဝင် ဝန်ဆောင်မှုများ လက်လှမ်းမီရရှိနိုင်မှုနှင့် အရည်အသွေး စသည့်အချက်များကိုပါ စဉ်းစားရမည်။ ဖြစ်နိုင်သမျှ သီးသန့်အသေးစိတ်နိုင်သမျှစိတ်ပါ။ မှတ်သားရန်မှာ "ဆင်းရဲနွမ်းပါးမှု"ကို အဓိကအကြောင်းရင်းတစ်ခုအနေဖြင့် သတ်မှတ်စဉ်းစားခြင်းမျိုးသည် ဤလေ့ကျင့်ခန်းအတွက် တိကျပြတ်သားမည်မဟုတ်ပေ။

အဖွဲ့ ၃ : ကလေးလုပ်သားများအတွက် ထိခိုက်လွယ်မှုကို မြင့်တက်စေသော "ထိခိုက်နိုင်ချေရှိသည့် အချက်များ"ကို စာရင်းပြုစုပါ။ ဥပမာအားဖြင့် အိမ်ထောင်စု၏အကြွေး၊ အရွယ်ရောက်သူ၏ နိမ့်ပါးသောလုပ်ခများနှင့် ဝင်ငွေ၊ စာသင်ကျောင်းများသို့ လက်လှမ်းမီမတက်ရောက်နိုင်ခြင်း၊ ထို့အတူ အားနည်းသောဥပဒေနှင့်တရားဥပဒေအရအရေးယူဆောင်ရွက်ခြင်း၊ လုပ်သားဆိုင်ရာလေ့လာစုံစမ်းခြင်းနှင့် ကူးသန်းရောင်းဝယ်ရေးသမဂ္ဂများအားနည်းသော စီးပွားရေးလုပ်ငန်းများရှိသည့်နေရာများ စသည်တို့ကို စဉ်းစားရန်ဖြစ်သည်။

အဖွဲ့ ၄: ကလေးများ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များအပါအဝင် မြန်မာနိုင်ငံရှိ ကလေးလုပ်သားများ၏ နောက်ဆက်တွဲအကျိုးဆက်များကို စဉ်းစားသုံးသပ်ပါ။ အရွယ်ရောက်သူများကို အလုပ်ခန့်အပ်နိုင်မှုအပါအဝင် ရေတို၊ ရေရှည် ကိစ္စရပ်နှစ်ခုလုံးကို ထည့်သွင်းစဉ်းစားပါ။ ဒေသခံရပ်ရွာလူထု၊ သင်၏နိုင်ငံနှင့် လူ့အဖွဲ့အစည်းများအတွက် ပိုမို ကျယ်ပြန့်သော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ရလဒ်များကိုလည်း ထည့်သွင်းစဉ်းစားပါ။

## လေ့ကျင့်ခန်း ၄(က): ထိခိုက်လွယ်သောအလုပ်သမားများကို အကာအကွယ်ပေးနိုင်ရန်အတွက် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများကို ထုတ်ဖော်ခြင်း

ကြာချိန်: (၃၀) မိနစ်

ပစ္စည်းများ: Flipchart ၊ မာကာဘောပင်များ

လေ့ကျင့်ခန်း: အဖွဲ့ငယ်များခွဲပါ။ အဖွဲ့တစ်ဖွဲ့ခြင်းသည် မတူညီသော အလုပ်တာဝန်ပေးချက်များကို ရရှိမည်။ မှတ်စုရေးမှတ်မည့်သူနှင့် တင်ပြမည့်သူတစ်ဦးစီကို ရွေးချယ်ပါ။ပြီးဆုံးခဲ့ပါက ပြန်လည်ပေါင်းစည်းပြီး တွေ့ရှိချက်များကို မျက်နှာစုံညီဆွေးနွေးရမည်ဖြစ်သည်။

အဖွဲ့ ၁: မြန်မာနိုင်ငံတွင် အသက် (၁၄) နှစ် အရွယ်ရှိသူများမှာ တရားဝင်အလုပ်လုပ်ခွင့်ရှိသည်။ သို့သော် ထိုအလုပ်သမားများမှာ မကြာခဏပင် ဒဏ်ရာရနိုင်ချေ သို့မဟုတ် ရောဂါဖြစ်နိုင်ချေပိုမိုများပြားသည့် အနေအထားများတွင် အလုပ်လုပ်ကြရသည်။ အဘယ်ကြောင့် ထိုသို့ ငယ်ရွယ်သောအလုပ်သမားများမှာ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်များကို ပိုမိုခံစားကြရပါသလဲ? တင်ပြမှုများနှင့် သင်၏ကိုယ်ပိုင်အသိပညာဖြင့် ငယ်ရွယ်သည့် လုပ်သားများသည် မြင့်မားစွာထိခိုက်လွယ်နေသည့် အနေအထားတွင် အဘယ်ကြောင့်ရောက်ရှိနေရသည်ဟူသည့် အဓိကအကြောင်းရင်းများကို ဆွေးနွေးရမည်။ ဉပမာအားဖြင့် အလုပ်အတွေ့အကြုံ၊ သင်တန်း၊ ကြီးကြပ်မှုလိုအပ်ခြင်း၊ အလုပ်သမားအခွင့်အရေးများကို ဗဟုသုတရှိခြင်း၊ ငယ်ရွယ်သူများ၏ စိတ်ပိုင်းဆိုင်ရာခံစားချက်၊ ဘေးအန္တရာယ်ကို အသိအမှတ်ပြုသိရှိခြင်း စသဖြင့်။ ထိုကိစ္စရပ်များကို စာရင်းတစ်ခုပြုစုပါ။

အဖွဲ့ ၂: ထိခိုက်လွယ်သည့် အလုပ်သမားများ၏ ဘေးကင်းလုံခြုံရေးကို တိုးမြှင့်ရန်အတွက် ကုမ္ပဏီမူဝါဒများကို ဖော်ထုတ်ရေးဆွဲရာတွင် မည်သည့်အဆင့်များကို ထည့်သွင်းစဉ်းစားသင့်ပါသလဲ? တင်ပြမှုများနှင့် သင်၏ကိုယ်ပိုင်အသိပညာအပေါ်အခြေခံ၍ အလုပ်ရှင်အနေဖြင့် ငယ်ရွယ်သည့်လုပ်သားများကို အကာအကွယ်ပေးနိုင်မည့် အဓိကနည်းလမ်းများကို ဆွေးနွေးပါ။ ထိုနည်းလမ်းများကို စာရင်းတစ်ခုပြုလုပ်ပေးပါ။ ဖြစ်နိုင်သည်များမှာ သင်တန်းပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လုပ်ငန်းခွင်အတွင်းတားမြစ်ချက်များ၊ ကောင်းရာ ညွှန်ပြသင်ကြားသူများ အစရှိသဖြင့်ဖြစ်သည်။ မှတ်သားရန်မှာ ဤလေ့ကျင့်ခန်းတွင် "ကလေးများကိုအလုပ်မှဖယ်ရှားမည်" ဟူသည့်အဖြေသည် လုံလောက်ပြည့်စုံလိမ့်မည် မဟုတ်ပေ။

အဖွဲ့ ၃ : အချို့သောကိစ္စရပ်များတွင် လုပ်ငန်းတွင်း ဘေးအန္တရာယ်များကို အလုပ်ခွင်အတွင်းမှ တပါတည်းဖယ်ရှားနိုင်သော်လည်း ယေဘုယျအားဖြင့်မူ ယင်းသည်အမှန်စင်စစ် လက်တွေ့မကျချေ။ ဦးစားပေးအလိုက် ဘေးအန္တရာယ်ရှိသော လုပ်ငန်းတွင်းအခြေအနေများကို ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်မည့် ကုမ္ပဏီမူဝါဒတစ်ခုတွင် ပါဝင်ရန်လိုအပ်သော ထိန်းချုပ်ရန်နည်းလမ်းများကို စဉ်းစားပါ။ ယင်းအချက်များတွင် ဘေးအန္တရာယ်ပိုနည်းသည့် ပစ္စည်းများ သို့မဟုတ် လုပ်ငန်းစဉ်များကို အစားထိုးအသုံးပြုခြင်း၊ ပိုမိုဘေးကင်းလုံခြုံမှုရှိစေရန်အတွက် လုပ်ငန်းစဉ်ကို ပြန်လည်ပုံစံထုတ်ရေးဆွဲခြင်း၊ ဘေးအန္တရာယ်ရှိသောအခြေအနေများကို ဝန်ထမ်းများ မထိတွေ့စေရန်အတွက် ခွဲခြားထားရှိခြင်း၊ ပင်ကိုယ်အားဖြင့် ဘေးအန္တရာယ်ရှိသောအလုပ်များအတွက် တင်းကြပ်သော လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊ သို့မဟုတ် အကာအကွယ်ပစ္စည်းများ၊ တစ်ကိုယ်ရေသုံး

အကာအကွယ်ပေးသည့် ကိရိယာများကို အသုံးပြုခြင်း စသည်တို့ပါဝင်ကောင်းပါဝင်ပေမည်။ သင်၏အလုပ်ခွင် ပိုမိုဘေးကင်း လုံခြုံစေရန်အတွက် ထိုအဆင့်များကို ဆောင်ရွက်ပါက ဖြစ်ပေါ်လာမည့် အကျိုးအပြစ်များမှာ မည်သည်တို့ဖြစ်ပါသလဲ?

အဖွဲ့ ၄: ကုမ္ပဏီတစ်ခု၏ OSH မူဝါဒတစ်ခုကို ထိရောက်စေရန်အတွက် နောက်ဆက်တွဲလိုက်လံဆောင်ရွက်မှုများနှင့် ရှင်းလင်းတိကျသော ညွှန်ကြားချက်များရှိရမည်ဖြစ်သည်။ ငယ်ရွယ်သောအလုပ်သမားများအတွက် အထူးဆောင်ရွက်မှုများအပါအဝင် အလုပ်ရှင်တစ်ဦးအနေဖြင့် သင်၏ OSH မူဝါဒများ ထိရောက်စွာ အကောင်အထည်ပေါ်စေရေးအတွက် မည်သည့်အဆင့်များကို လုပ်ဆောင် ပါမလဲ? သင့်အနေဖြင့် စီမံခန့်ခွဲမှုရေးရာများ ကတိပြုဆောင်ရွက်မှု မည်သို့ပြုလုပ်ပါမည်လဲ? လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာမူဝါဒ ဖော်ထုတ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် အလုပ်သမားများ ပါဝင်လာရန်နှင့် မူဝါဒကို မည်သို့အသိပေးကိုင်တွယ်ပါမည်လဲ? သင်၏မူဝါဒ ထိရောက်မှုကို မည်သို့တိုင်းတာပါမည်လဲ? လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာမူဝါဒကို ခိုင်မာအားကောင်းလာစေရန်အတွက် ကုမ္ပဏီမှ ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များကို စာရင်းတစ်ခုပြုလုပ်ပါ။

# အပိုင်း ၄ :
# ကလေးလုပ်သားပပျောက်စေရန်အတွက် လုပ်ကိုင် ဆောင်ရွက်ခြင်း

## မူဝါဒရေးရာ အပြန်အလှန်ပြောဆိုဆွေးနွေးမှုတွင် အလုပ်သမားများ၏ လုပ်ဆောင်ချက်

အလုပ်သမားများနှင့် ၎င်းတို့၏အဖွဲ့အစည်းများသည် ပြဋ္ဌာန်းချက် ၁၈၂ အောက်ရှိလိုက်နာရမည့်အချက်ဖြစ်သည့် ကလေးသူငယ်များအတွက် ဘေးအန္တရာယ်ရှိသောအလုပ် အမျိုးသားအဆင့်စာရင်းကို ဆုံးဖြတ်သတ်မှတ်ရန် (သို့မဟုတ် ရှိပြီးဖြစ်ပါက ပြန်လည်သုံးသပ်ရန်) အတွက် အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အောက်ဖော်ပြပါများသည် ယေဘုယျဘေးအန္တရာယ်များနှင့် လုပ်ငန်းများအပါအဝင် ယင်းကဲ့သို့သော အခြေခံအဖြစ်များသည့် စာရင်းများဖြစ်သည်။

### *ယေဘုယျဘေးအန္တရာယ်များ*

က. လေးလံသောဝန်များကို ပင့်မခြင်းနှင့် သယ်ပိုးခြင်းများ

ခ. မြင့်သောနေရာများတွင် အလုပ်လုပ်ရခြင်း

ဂ. အကာအကွယ်မပါဘဲ လှုပ်ရှားမှုရှိသော စက်ယန္တရားများကို ထိန်းသိမ်းကိုင်တွယ်ရခြင်း

ဃ. စာရင်းသွင်းဖော်ပြထားသည့် ကာစီနိုဂျင် (ကင်ဆာဖြစ်စေသောအရာ) များအပါအဝင် အဆိပ်အတောက်နှင့် ဘေးဖြစ်စေသော ဓာတုဗေဒပစ္စည်းများကို ထိတွေ့ရခြင်း

င. ကျောက်ဂွမ်းမှုန့်များကို ထိတွေ့ရခြင်း

စ. ဘေးဖြစ်စေသော အဏုမြူအိုင်ယွန်ဓာတ်ပါ ရောင်ခြည်များကို ထိတွေ့ရခြင်း

ဆ. ညပိုင်းအလုပ်များ

ဇ. ထိခိုက်နိုင်ချေမြင့်မားသော ဇီဝဗေဒဓာတ်ပြုပစ္စည်း (အေးဂျင့်) များဖြင့် ကိုင်တွယ်လုပ်ကိုင်ရခြင်း

ဈ. ဝန်ချီစက်များ၊ ဝန်တင်စက်များနှင့် စက်ပစ္စည်းများဖြင့် မောင်းနှင်သည့် ပင့်မသည့်စက်များကို ကိုင်တွယ်မောင်းနှင်ရခြင်း

ည. လျှပ်စစ်ဗို့အားများသည့် အရာများနှင့် ထိတွေ့လုပ်ကိုင်ရခြင်း

ဋ. လွန်ကဲသောအပူ၊ အအေး၊ တုန်ခါမှု၊ ဆူညံသံများရှိသော အခြေအနေများတွင် လုပ်ကိုင်ရခြင်း

ဌ. စွမ်းအင်ဖြင့် မောင်းနှင်ရသော ယန္တရားများဖြင့် အလုပ်လုပ်ရခြင်း

### *လှုပ်ရှားလုပ်ကိုင်ရခြင်းများ*

က. သားသတ်ရုံတွင် အလုပ်လုပ်ရခြင်း

ခ. ပိုးသတ်ဆေးများ ရောစပ်ရခြင်း၊ အသုံးပြုရခြင်းနှင့် လေကြောင်းမှ ပိုးသတ်ဆေးဖြန်းမှုကြောင့် ပိုးသတ်ဆေးများနှင့် ထိတွေ့ရခြင်း

ဂ. ဖောက်ခွဲရေးပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများပါဝင်သည့် အရာများကို ထုတ်လုပ်ခြင်း၊ ကိုင်တွယ်ခြင်း နှင့် သိုလှောင်ခြင်း

ဃ. ခဲ ဓာတ် ပါသောသုတ်ဆေးများဖြင့် အလုပ်လုပ်ရခြင်း အပါအဝင် ခဲဒြပ်ပေါင်းများဖြစ်သည့် ဓာတ်ငွေ့၊ ဖုန်မှုန့် သို့မဟုတ် အငွေ့များနှင့် ထိတွေ့ခြင်း

င.	သတ္တုအရည်ကျိုပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ကိုင်တွယ်ရခြင်း

စ.	စီးပွားဖြစ်ရေငုပ်ခြင်းနှင့် ရေအောက်တွင် အလုပ်လုပ်ရခြင်း

ဆ.	ပင်လယ်ရေနက်ငါးဖမ်းခြင်း

ဇ.	သင်္ဘောပေါ်မှ ပစ္စည်းတင်ခြင်း၊ ချခြင်း

ဈ.	သတ္တုတွင်းနှင့် မြေအောက်တွင် အလုပ်လုပ်ရခြင်း

ည.	စွမ်းအင်ဖြင့် မောင်းနှင်ရသော သစ်စက်ယန္တရားများဖြင့် အလုပ်လုပ်ရခြင်း

ဋ.	သစ်ပင်လှဲခြင်း၊ သစ်ထုတ်လုပ်ခြင်းနှင့် သစ်ခွဲခြင်း

ဌ.	ကြမ်းကြုတ်သော၊ အန္တရာယ်ရှိသော သို့မဟုတ် အဆိပ်ရှိသော တိရစ္ဆာန်များဖြင့် အလုပ်လုပ်ရခြင်း

ဍ.	ဖြို့ချဖျက်ဆီးရသောအလုပ်များ

ဏ.	သင်္ဘောအစိတ်အပိုင်းများ ဖြုတ်ချပြင်ဆင်ခြင်း

## နောက်ဆက်တွဲ

စာရင်းနှင့်ပတ်သက်၍ အလုပ်သမားများနှင့် ၎င်းတို့၏အဖွဲ့အစည်းများမှ အသိပေးဖြန့်ဝေခြင်း၊ နိုးကြားအသိမြှင့်တင်ခြင်းများ၊ ကဏ္ဍအလိုက် သမဂ္ဂများနှင့် အဖွဲ့ဝင်များထံသို့ ဖြန့်ဝေခြင်း၊ ဘေးအန္တရာယ်ရှိသောအလုပ်နှင့် ပတ်သက်၍ လုပ်ငန်းခွင်ဆိုင်ရာတာဝန်ရှိသူများကို သင်တန်းပေးခြင်း၊ စည်းမျဉ်းစည်းကမ်းနှင့် တရားဥပဒေအရ အရေးယူ ဆောင်ရွက်ခြင်း ကိစ္စရပ်အသစ်များ အကောင်အထည်ဖော်ခြင်းကို မြှင့်တင်ခြင်းစသည်တို့ကိုလည်း ကူညီဆောင်ရွက်ပေးနိုင်သည်။

## လေ့ကျင့်ခန်း၅ : ကလေးလုပ်သားပပျောက်ရေးအတွက် အလုပ်သမားများ၏ လုပ်ဆောင်ချက်များကို ပိုမိုအားကောင်းစေခြင်း

ကြာချိန်:	(၃၀) မိနစ်

ပစ္စည်းများ:	Flipcharts ၊ မာကာဘောပင်များ

လေ့ကျင့်ခန်း:	အဖွဲ့ငယ်များခွဲပါ။ အဖွဲ့တစ်ဖွဲ့ခြင်းသည် အောက်ဖော်ပြပါ အကြောင်းအရာများကို လမ်းညွှန်အဖြစ် အသုံးပြုရမည်။ ပြီးဆုံးခဲ့ပါက ပြန်လည်ပေါင်းစည်းပြီး တွေ့ရှိချက်များကို မျက်နှာစုံညီဆွေးနွေးရမည်ဖြစ်သည်။

အဖွဲ့ ၁:	အလုပ်ခွင်များနှင့် စီးပွားရေးလုပ်ငန်းများတွင် ကလေးလုပ်သားပပျောက်ရန်အတွက် အလုပ်သမားများနှင့် ၎င်းတို့၏အဖွဲ့အစည်းများသည် ဗဟိုချက်ကျသည့်ကဏ္ဍတွင် ရှိနေပါသည်။ ၎င်းတို့လုပ်ဆောင်နိုင်သည့် နည်းလမ်းတခုမှာ အလုပ်ရှင်များနှင့် လူမှုရေးအရ အပြန်အလှန်ပြောဆိုဆွေးနွေးခြင်းများမှတဆင့် ဥပမာအားဖြင့် ဆွေးနွေးညှိနှိုင်းမှု၊ စုပေါင်းအရေးဆိုခြင်းများမှ အလုပ်လုပ်ခြင်းနှင့် အလုပ်အကိုင်ခန့်အပ်ခြင်းဆိုင်ရာ သဘောတူညီမှုများကို အရေးဆိုနိုင်သည်။ ထိုအကြောင်းအရာများကို ဆွေးနွေးပြီး ကလေးလုပ်သား ကင်းလွတ်သောလုပ်ငန်းခွင်တစ်ခု

ဖြစ်ပေါ်လာစေရေးအတွက် အလုပ်ရှင်များနှင့် ညှိနှိုင်းခြင်းတွင် အလုပ်သမားများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများမှ အလုပ်ရှင်များကို မိတ်ဆက်တင်ပြပေးနိုင်မည့် လက်တွေ့ကျသော တောင်းဆိုချက် အနည်းဆုံး (၅) ခုကို စာရင်းပြုလုပ်ပါ။ ဥပမာအားဖြင့် ဘေးအန္တရာယ်ရှိသောအလုပ်နှင့် ပတ်သက်သည့် မူဝါဒများ၊ မိခင်ဖြစ်သူများကို အကာအကွယ်ပေးရေးများ ပိုမိုအားကောင်းလာစေခြင်း သို့မဟုတ် ပညာရေးကို လက်လှမ်းမီမှု ခက်ခဲသည့်ဒေသများတွင် စာသင်ကျောင်းများ ပံ့ပိုးပေးခြင်း စသည့်တို့ ပါဝင်နိုင်ပါသည်။

အဖွဲ့ ၂: အလုပ်သမားများနှင့် ၎င်းတို့၏အဖွဲ့အစည်းများသည် လုပ်ငန်းခွင်ပြင်ပဖြစ်သော ၎င်းတို့နေထိုင်သည့် အလုပ်လုပ်သည့် ရပ်ရွာအသိုက်အဝန်းတွင် အရေးကြီးသောကဏ္ဍရှိသည်။ ထိုအကြောင်းအရာများကို ဆွေးနွေးပြီး ရပ်ရွာလူထုအတွင်း ကလေးလုပ်သားဆိုင်ရာကိစ္စရပ်များကို အလုပ်သမားများမှ ကူညီဖြေရှင်းပေးနိုင်မည့် လုပ်ဆောင်ချက် အနည်းဆုံး (၅) ခုကို စာရင်းပြုစုပါ။ စာရင်းပါအချက်တချက်စီတိုင်းကို အထောက်အကူဖြစ်စေရန်အတွက် အဘယ်ကြောင့် ထိုလုပ်ဆောင်ချက်များ ဦးစားပေးဖြစ်သင့်သည်ကို ခုခံတင်ပြမှု ၂ ချက် ၃ ချက်ပြင်ဆင်ထားပါ။ ဥပမာအားဖြင့် အလုပ်သမားများနှင့် ရပ်ရွာလူထုတွင်း နိုးကြားအသိ မြှင့်တင်ရေးလှုံ့ဆော်ပွဲ၊ "ကလေးလုပ်သားကင်းလွတ်သော ရပ်ရွာလူထု" ဖြစ်လာစေရေးစီမံချက် သို့မဟုတ် အလုပ်သမားများမှ ပြုလုပ်သော ရပ်ရွာအခြေပြု စောင့်ကြည့်လေ့လာရေးစနစ် စသည်တို့ကို စဉ်စားနိုင်သည်။

အဖွဲ့ ၃: ကလေးလုပ်သားသည် ရှုပ်ထွေးသောကိစ္စရပ်တစ်ခုဖြစ်ပြီး မည်သည့် အကျိုးသက်ဆိုင် ပတ်သက်သူကမှ အောင်မြင်စွာပပျောက်စေရေးအတွက် ကိုယ်တိုင်သတ်သတ် ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ပြောဆိုဆွေးနွေးမှုများ၊ သဘောတူညီမှု ထူထောင်ခြင်းနှင့် မိတ်ဖက်ဆောင်ရွက်ခြင်းများမှတဆင့် တခြားသော တစ်ဦးခြင်းစီ သို့မဟုတ် အုပ်စုများနှင့်သာ အတူတကွပူးပေါင်းလုပ်ကိုင်ရန်အရေးကြီးသည်။ ကိစ္စရပ်များကို ဆွေးနွေးပြီး ကလေးလုပ်သားပပျောက်စေရန်အတွက် အဓိကပူးတွဲလုပ်ဆောင်ရမည့် အကျိုးသက်ဆိုင်ပတ်သက်သူများစာရင်းတစ်ခုကို ပြုလုပ်ပါ။ တတ်နိုင်သမျှ အသေးစိတ်ပါ။ အကျိုးသက်ဆိုင်သူများ သို့မဟုတ် အုပ်စုများကို အဘယ်ကြောင့် ဦးတည်ရွေးချယ်သင့်သည်၊ မည်သည့်လုပ်ငန်း အမျိုးအစားများကို အတူတကွ ပူးပေါင်းလုပ်ဆောင်သင့်သည်ကို စာရင်းတစ်ခုပြုစုပါ။

အဖွဲ့ ၄: ကလေးလုပ်သားပပျောက်စေရန်အတွက် အလုပ်သမားများနှင့် ၎င်းတို့၏အဖွဲ့အစည်းများသည် ပြည်သူ့ရေးရာမူဝါဒချမှတ်သည့် ဆွေးနွေးမှုများနှင့် တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ အားကောင်းလာစေရေးတို့တွင် အရေးကြီးသောကဏ္ဍမှပါဝင်သည်။ ကိစ္စရပ်များကို ဆွေးနွေးပြီး မူဝါဒချမှတ်ခြင်းနှင့် အမျိုးသားအဆင့် ဥပဒေပြဋ္ဌာန်းသူများကို လွှမ်းမိုးအသိပေးနိုင်ရန်အတွက် မည်သည့်ဦးစားပေးလုပ်ငန်းစဉ်များ လုပ်ဆောင်သင့်ကြောင်းကို စာရင်းပြုစုပါ။ ထိုလုပ်ငန်းစဉ်များကို အရေးအကြီးဆုံးမှ အရေးကြီးမှုအနည်းဆုံးအထိ အဆင့်ခွဲခြားသတ်မှတ်ပြီးလျှင် မျက်နှာစုံညီ ဆွေးနွေးရာ၌ သင်၏ဆုံးဖြတ်ချက်များကို ကာကွယ်ချေပနိုင်ရန်လည်းပြင်ဆင်ထားပါ။

# လေ့ကျင့်ခန်း ၆ : လုပ်ဆောင်ချက်များကို နောက်ဆက်တွဲလိုက်လံ ဖြည့်စွက် ဆောင်ရွက်ခြင်း

ကြာချိန်: (၂၀) မိနစ်

ပစ္စည်းများ: အထောက်အကူပြုဝေငှထားသည့်စာရွက်စာတမ်းများ (အောက်တွင်ကြည့်)

လေ့ကျင့်ခန်း: အဖွဲ့ငယ်များခွဲပါ။ ပေးထားသည့် စာမျက်နှာပေါ်မှ မေးခွန်းများကိုဆွေးနွေးပါ။ သင့်အဖွဲ့မှ လူတစ်ဦးကို ရွေးချယ်ပြီး ၎င်းတို့တစ်ဦးခြင်းစီမှ ဖြစ်သော "လုပ်ငန်းအစီအစဉ်များ"ကို တင်ပြခိုင်းပါ။ မျက်နှာစုံညီ ပြန်လည်ဆွေးနွေးပါ။

## နောက်ဆက်တွဲ လေ့ကျင့်ခန်း

အဖွဲ့ငယ်များခွဲ၍ ဆွေးနွေးရန်ဖြစ်သည်။

၁. သင်ရိုးအတွင်း သင့်အနေဖြင့် သင်ကြားခဲ့သည်များကိုအခြေခံ၍ ကလေးလုပ်သားနှင့်ပတ်သက်ပြီး သင်၏ လုပ်ငန်းအတွင်း သင်ကိုယ်တိုင်ဆောင်ရွက်မည့်အချက် ၃ ခုမှ ၅ ခုကိုစာရင်းပြုစုပါ။ (ဉပမာအားဖြင့် သင်ရိုးအကြောင်းကို လုပ်ဖော်ကိုင်ဘက်များအားပြောပြခြင်း)

က.

ခ.

ဂ.

ဃ.

င.

၂. သင်ရိုးအတွင်း သင့်အနေဖြင့် သင်ကြားခဲ့သည်များကိုအခြေခံ၍ ကလေးလုပ်သားကိစ္စရပ်များနှင့်ပတ်သက်ပြီး သင်၏ရုံး သို့မဟုတ် ဌာနမှ သုံးသပ်လုပ်ဆောင်သင့်သည့် လုပ်ငန်းအသစ် ၃ ခုမှ ၅ ခုကို စာရင်းပြုစုပါ။

က.

ခ.

ဂ.

ဃ.

င.

၃. သင်ရိုးအတွင်း သင့်အနေဖြင့် သင်ကြားခဲ့သည်များကိုအခြေခံ၍ ကလေးလုပ်သားကိစ္စရပ်များနှင့်ပတ်သက်ပြီး သင်၏ အစိုးရမှ သုံးသပ်လုပ်ဆောင်သင့်သည့် လုပ်ငန်းအသစ် ၃ ခုမှ ၅ ခုကို စာရင်းပြုစုပါ။ သင့်အနေဖြင့် လိုအပ်သည်ဟု ယူဆပါက မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများကို တိုးမြှင့်သတ်မှတ်ခြင်းကိုလည်း သေချာပါဝင်စေရန်ထည့်သွင်းပါ။

က.

ခ.

ဂ.

ဃ.

င.

# သင်ရိုး အကဲဖြတ်ခြင်းဆိုင်ရာ ပုံစံ

*အလုပ်ရုံဆွေးနွေးပွဲမှ အကြောင်းအရာများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို ဖြည့်စွက်ပါ။*

| မှတ်သားယူဆောင်သွားရန် - ဤသင်ရိုးနှင့်ပတ်သက်၍ ကျွန်ုပ်ကြိုက်သည့်အချက်များ |
| --- |
| |

| ပြောင်းလဲရန် - အသုံးဝင်သည်ဟု ကျွန်ုပ်မထင်သည့် အချက်များ |
| --- |
| |

| ကျွန်ုပ်သတိရနေမည့်အချက်များ - အဓိက သင်ယူခဲ့သည်များကို စာရင်းပြုစုပါ |
| --- |
| |

| ဖြည့်စွက်ရန် - ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် အကြံပြုချက်များ |
| --- |
| |

***အောက်ပါတို့ကို အဆင့်သတ်မှတ်ပြီး ဝေဖန်မှတ်ချက်ပေးပါ။***

| | အဆင့်သတ်မှတ်ခြင်း (၁) ညံ့ - (၅) အကောင်းဆုံး | | | | | ဝေဖန်အကြံပြုချက်များ |
|---|---|---|---|---|---|---|
| သင်တန်းကာလအတိုင်းအတာ | 1 | 2 | 3 | 4 | 5 | |
| တင်ဆက်ပြသမှုများ | 1 | 2 | 3 | 4 | 5 | |
| လေ့ကျင့်ခန်းများ | 1 | 2 | 3 | 4 | 5 | |
| သင်ရိုးလမ်းညွှန် | 1 | 2 | 3 | 4 | 5 | |
| သင်တန်းပို့ချသည့်နည်းစနစ် | 1 | 2 | 3 | 4 | 5 | |
| ဦးဆောင်ပံ့ပိုးကူညီမှု | 1 | 2 | 3 | 4 | 5 | |
| အလုံးစုံအဆင့်သတ်မှတ်မှု | 1 | 2 | 3 | 4 | 5 | |

စဉ်းစားသုံးသပ်ရန်အတွက် မေးခွန်းများ။

၁. လေ့ကျင့်ခန်းများသည် ရှင်းလင်းပြီး အသုံးဝင်ပါသလား?

၂. သင်ရိုးအတွင်း အခြားမည်သည့် အကြောင်းအရာများကိုလည်း လွှမ်းခြုံထည့်သွင်းသင့်ပါသလဲ?

၃. သင်ရိုးလမ်းညွှန်သည် ရှင်းလင်းပြီး၊ နားလည်လွယ်မှုနှင့် အချက်အလက်ပြည့်စုံမှု ရှိပါသလား?

၄. "လုပ်ငန်းဆောင်ရွက်ခြင်း" အပိုင်းနှင့်ပတ်သက်၍ သဘောထားမှတ်ချက်များ ရှိပါသေးသလား?

၅. သင်တန်းသုံးပစ္စည်းများနှင့် သင်ရိုးအပေါ်တွင် သင့်ထံမှ နောက်ဆုံး ဝေဖန်ထောက်ပြစရာ သဘောထား မှတ်ချက်များ ရှိပါသေးသလား?

Fundamental Principles and Rights at Work
Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org

www.ilo.org/childlabour

@ILO_Childlabour

ILO Yangon Office

No. 1 Kanbae (Thitsar) Road
Yankin Township
Yangon – Myanmar
Tel: +(951) 233 65 39
Fax: +(951) 233 65 82

yangon@ilo.org

www.ilo.org/yangon

ISBN 978-92-2-830846-4